# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး

# ၃၈ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၆ - ၉ - ၂၀၁၆ ]

# (တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၃၈ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဒေါက်တာကျော်ငွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်ရှိ ပခန်းကြီးရှေးမြို့ဟောင်းရှိ အုတ်မြို့ရိုး၊ ကျုံးနှင့်တကွ ရှေးဟောင်းသာသနိက အဆောက်အအုံကြီးများ၊ ကုန်းဘောင်ခေတ်က ထင်ရှားခဲ့သော ရွှေဥမင်တောရကျောင်းတိုက်တို့ကို ရေရှည်တည်တံ့စေရေးအလို့ငှာ မည်ကဲ့သို့ စောင့်ရှောက်ထိန်းသိမ်းပေးနေသည်ကို သိရှိလိုခြင်းနှင့် မြို့ရိုးဟောင်းကို လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင်ရန် မြို့ရိုးအပြင်ဘက်မှ ကားလမ်းဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **အစမှ အဆုံးတိုင် ပြီးမြောက်ခြင်းမရှိသော်ငြားလည်း စာပေတန်ဖိုးကြီးမားသည့် J.A. Stewart ၊ C.W.Dunn ၊ H.F.Searle၊ A.J.Allott နှင့် ဒေါက်တာလှဖေ တို့၏ Burmese-English Dictionary နှင့် ၁၉၆၄ ခုနှစ်တွင် အပိုင်း ၅ "ဆ"အက္ခရာအထိ ပုံနှိပ်ထုတ်ဝေပြီး ရပ်ဆိုင်းသွားခဲ့သော တက္ကသိုလ်မြန်မာ အဘိဓာန်တို့၏ ပြုစုပြီးသမျှတို့ကို ပြန်လည်ပုံနှိပ်ထုတ်ဝေပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်အတွင်းရှိ အလယ်တန်းကျောင်း(ခွဲ)၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း(ခွဲ)နှင့် အထက်တန်းကျောင်းများရှိသော ကျေးရွာများတွင် ဆရာ/ဆရာမ နေအိမ်များနှင့် ကျောင်းသူ၊ ကျောင်းသားများ နေထိုင်ရန် ဘော်ဒါဆောင်များကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

( ခ ) ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

( ဂ ) ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ၃၉ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။